Network for Democracy and Development
Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 85-733 4303.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Election (006/2010)

# နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၀၆/၂၀၁၀)

၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့မှ မတ်လ (၆) ရက်နေ့အထိ

## နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

- နအဖအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တောင်သူလယ် သမားများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လာမည့်ရွေးကောက်ပွဲတွင် စစ်မှန်သောဒီမိုကရေစီစနစ်ကို ဦးဆောင်နိုင်မည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်တင်မြောက်ရမည်ဖြစ်ကြောင်း တောင်သူလယ်သမားနေ့ သဝဏ်လွှာတွင် တိုက်တွန်းပြောကြားလိုက်သည်။ **(Irrawaddy 020310)** Read More...
- ရန်ကုန်တိုင်းအတွင်း ကြံ့ဖွံ့အဖွဲ့ဝင်အရေအတွက်သည် ရန်ကုန်လူဦးရေ၏ တဝက်ကျော်လွန်ပြီဖြစ်ကြောင်းနှင့် လာမည့်ရွေးကောက်ပွဲအတွက် အသင်းသားများကို လိုက်၍စုဆောင်းနေခြင်းဖြစ်ရာ အသင်းဝင်အရေအတွက် ပိုများလာစေရန် ပြုလုပ်သွားဦးမည်ဟု ရန်ကုန်တိုင်း ကြံ့ဖွံ့အဖွဲ့အကြီးအကဲတစ်ဦးက ပြောသည်။ **(NEJ 050310)** Read More...
- မော်လမြိုင်မြို့တွင် ကြံ့ဖွံ့နှင့် ဆက်သွယ်ရေးတို့ပူးပေါင်း၍ **CDMA 800 MHz** အထိုင်ဖုန်း တယ်လီဖုန်းသစ်များ ငှားရမ်းရန် စီစဉ်နေသည်။ **(Mizzima 050310)** Read More...
- နအဖ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကြံ့ဖွံ့အထွေထွေအတွင်းရေးမှူး ဦးဌေးဦး အပါအဝင် ကြံ့ဖွံ့ဗဟိုအလုပ်အမှုဆောင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန ဝန်ကြီး **H.E.Mr. Wang Jiarui** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။ **(Myanmar Ahlin 05031)** Read More...

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မန္တလေးတိုင်းစည်းရုံးရေးအဖွဲ့က ရမည်းသင်း၊ တပ်ကုန်း၊ ပျော်ဘွယ်၊ လယ်ဝေးစသည့် ရမည်းသင်းမြို့နယ်စုက အဖွဲ့ချုပ်မြို့နယ်စည်း အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲတစ်ခု ယမန်နေ့က ရမည်းသင်းမြို့တွင် ပြုလုပ်ခဲ့ကြောင်း မန္တလေးတိုင်း စည်းအဖွဲ့ဝင် ဦးမျိုးနိုင်က ပြောသည်။ **(DVB 010310)** Read More...

- တောင်သူလယ်သမားများအနေဖြင့် ယခုအချိန်တွင် ၎င်းတို့ဘက်က ရပ်တည်ပေးနိုင်မည့် အဖွဲ့အစည်းမျိုးမရှိသဖြင့် လယ်မြေအသိမ်းခံရမှုများနှင့် နစ်နာမှုများ ကြုံတွေ့နေရသည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးတင်ဦးက ပြောသည်။ **(VOA 020310)** Read More...
- မိတ္ထီလာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးကို စည်းကမ်းဖောက်ဖျက်မှုဖြင့် တာဝန်မှတစ်နှစ်ရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့သည်ကို ပြန်လည်ပြင်ဆင်မှုပြုရန် မြို့နယ်အဆင့် ပါတီခေါင်းဆောင် (၂) ဦးက ဗဟိုကို တောင်းဆိုလိုက်သည်။ **(Mizzima 030310)** Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥပဒေအထောက်အကူပြုအဖွဲ့ အစည်းအဝေးကို ရန်ကုန်ရုံးချုပ်တွင် ပြုလုပ်ခဲ့ရာ ဥပဒေအထောက်အကူပြုရေး ဥက္ကဋ္ဌနေရာကို အဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးတင်ဦးကို ပြန်လည်တာဝန်ပေးအပ်ခဲ့သည်။ **(RFA 030310)** Read More...
- ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ **CRPP** က ရန်ကုန်မြို့တွင် အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ရာ လက်တလောဖြစ်နေသည့် အလုပ်သမားဆန္ဒပြမှုများ၊ မြေမြုပ်မိုင်း ဆန့်ကျင်ရေးကိစ္စ၊ ပြည်တွင်းစစ် ကျယ်ကျယ်ပြန့်ပြန့်ထပ်မံဖြစ်ပွားလာနိုင်သည့် ကိစ္စ၊ စစ်အစိုးရ၏ စက်ရုံအလုပ်ရုံ လုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပြုမှု ကိစ္စများ ဆွေးနွေးခဲ့ကြသည်။ **(RFA 050310)** Read More...

## ပြည်ပအင်အားစုများ

- ဒေါ်အောင်ဆန်းစုကြည်၏ အယူခံလျှောက်လဲချက်အား နအဖဗဟိုတရားရုံးက ပယ်ချလိုက်ခြင်းသည် မြန်မာစစ်အစိုးရ၏ နိုင်ငံရေးပါသည့် လုပ်ဆောင်ချက်တစ်ရပ် ဖြစ်ကြောင်း ယမန်နေ့က ထုတ်ပြန်သည့် အဝေးရောက်မြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ **(NCGUB)** ၏ ကြေညာချက်တွင် ဖော်ပြထားသည်။ **(RFA 280210)** Read More...

## အပစ်ရပ်အဖွဲ့အစည်းများ

## နယ်ခြားစောင့်တပ် အသွင်မပြောင်းလဲရသေးသည့်အဖွဲ့များ

- ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် ခေါင်းဆောင် ပေါက်ယူချန်းနှင့် စရဖ အရာရှိချုပ် ဒု-ဗိုလ်ချုပ်ကြီးရဲမြင့်တို့ သျှမ်းပြည်မြောက်ပိုင်း တန့်ယန်းမြို့၌ တွေ့ဆုံခဲ့ပြီးနောက် **UWSP/UWSA** နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးအတွက် တောင်းဆိုထားသည့် အချက် (၉) ချက်အပြင် အချိန်ထပ်တိုးပေးရန် နအဖထံသို့ ထပ်မံစာရေးတောင်းဆိုလိုက်သည်။ **(S.H.A.N 010310)** Read More...
- နယ်ခြားစောင့်တပ်အသွင်းပြောင်းရေးကိစ္စ ဖိအားပေးခံနေရသည့် ကချင်လွတ်မြောက်ရေးအဖွဲ့ **KIO** အနေဖြင့် "နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာရန် ကြိုးစားနေသလို တဖက်ကလည်း အဆိုးဆုံးအခြေအနေကို ရင်ဆိုင်နိုင်ရန် စစ်ရေးအသင့်ပြင်ဆင်ထားကြောင်း" အမည်မဖော်လိုသူ **KIA** အရာရှိတစ်ဦးက ပြောသည်။ **(Mizzima 020310)** Read More...
- ဝပြည်သွေးစည်းညီညွတ်ရေးပါတီ ဝသပ ခေါ် ဝတပ်ဖွဲ့က တောင်းဆိုထားသည့် အချက် ၉ ချက်ထဲက ၂ ချက်တည်းကိုသာ မြန်မာစစ်အစိုးရထံ ယမန်နေ့က ပြန်လည်တောင်းဆိုထားကြောင်း နိုင်ငံခြားဆက်ဆံရေးရုံးအရာရှိ ဦးအိုက်ကောက ပြောသည်။ **(DVB 020310)** Read More...
- နအဖနှင့် ဝတပ်ဖွဲ့အကြား တွေ့ဆုံဆွေးနွေးမှု မချေမငံဖြစ်ပြီးနောက်ပိုင်း ဝ နယ်ခြားတလျှောက်တွင် တရုတ်ပြည်လုံခြုံရေးတပ်များ အင်အားထောင်ချီဖြည့်တင်းထားသည်ဟု တရုတ်နယ်စပ်၌ နေထိုင်သူတစ်ဦးက ပြောသည်။ **(S.H.A.N 030310)** Read More...
- မိုင်းလားတပ်ဖွဲ့ အတွင်းရေးမှူး ဦးမင်းအိမ် လုပ်ကြံခံရပြီးနောက်ပိုင်း နအဖနှင့်မိုင်းလားတပ်ဖွဲ့ ပထမဆုံးအကြိမ်ပြန်လည်တွေ့ဆုံပွဲတွင် နအဖက ပိုမိုအကြပ်ကိုင်ဖိအားပေးလာကာ ဖေဖော်ဝါရီလ ၂၅ ရက်နေ့ တွေ့ဆုံပွဲတွင် စစ်ဦးစီးမှူးပထမတန်း သန်းထွဋ်သိန်းက "မိုင်းလား တပ်ဖွဲ့ ရွေးချယ်ရန် လမ်း (၃) ခု ဘဲပေးမယ်၊ ရာနှုန်း ပြည့်

အသွင်ပြောင်းရင်ပြောင်း၊ မပြောင်းရင်လက်နက်ချ၊ မချရင် တော့ ခင်ဗျားတို့ကို မတရားအသင်းအဖွဲ့ ဖြစ်သွားမည်" ဟု ပြောကြောင်း ကျိုင်းတုံကုန်သည်တစ်ဦးက ပြောသည်။ **(S.H.A.N 030310)** Read More...

- အသွင်းကူးပြောင်းရေးအတွက် သျှမ်းပြည်မြောက်ပိုင်း လားရှိုးအခြေစိုက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် (ရမခ) တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်အား အပစ်ရပ် **SSA** ဥက္ကဌ ဗိုလ်ချုပ်လွယ်မောဝ် တစ်ဦးတည်း သွားရောက်တွေ့ဆုံခဲ့ကြောင်း လားရှိုးသျှမ်းအသိုင်းအဝိုင်းမှ ဆိုသည်။ **(S.H.A.N 030310)** Read More...
- ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ **KIO** သည် မြန်မာစစ်အစိုးရက ဖိအားပေးနေသည့် နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကိစ္စကို သတ်မှတ်ထားသည့် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အဖြေပေးရန် မဖြစ်နိုင်သဖြင့် တွေ့မည့်ရက်အား ထပ်မံရွှေ့ဆိုင်းလိုက်သည်။ **(KNG 030310)** Read More...
- စစ်အစိုးရက တောင်းဆိုထားသည့် နယ်ခြားစောင့်တပ် အသွင်ပြောင်းရေး ပျက်ကွက်ပါက အင်အားအကြီးဆုံး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ဖြစ်သော ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် **(UWSA)** ကို မတရားအသင်းအဖြစ် ကြေညာနိုင်ကြောင်း စစ်ရေးသတင်းရပ်ကွက်မှ ဆိုသည်။ **(Irrawaddy 050310)** Read More...

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) အစိုးရများ

- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အယူခံလျှောက်လဲချက်ကို နအဖဗဟိုတရားရုံးက ပယ်ချလိုက်သည့်အပေါ် အထူးစိတ်မကောင်းဖြစ်မိကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံးကို လွတ်ပေးပြီး နိုင်ငံရေးလုပ်ရှားမှုထဲတွင် ပါဝင်ခွင့်ပေးရန် ဥရောပသမဂ္ဂ **(EU)** နိုင်ငံခြားရေးရာဌာနက ယမန်နေ့၌ ထုတ်ပြန်ကြေညာတောင်းဆိုလိုက်သည်။ **(NEJ 020310)** Read More...
- အလုပ်သမားလက်မှတ် သက်တန်းတိုးရန် ပျက်ကွက်ခဲ့သည့် မြန်မာနိုင်ငံသား အပါအဝင် နိုင်ငံခြားသား ရွှေ့ပြောင်းအလုပ်သမား ၅ သိန်းခန့်ကို ဖမ်းဆီး၍ နေရပ်ရင်းသို့ ပြန်ပို့မည်ဟု ထိုင်းအလုပ်သမားဝန်ကြီးဌာနမှ အလုပ်သမားရှာဖွေခန့်ထားရေးဌာန လက်ထောက်ဒါရိုက်တာ **Supat Gukun** က ပြောကြောင်း ယနေ့ထုတ် **The Nation** သတင်းစာတွင် ဖော်ပြထားသည်။ **(Mizzima 030310)** Read More...
- မြန်မာစစ်အစိုးရသည် နိုင်ငံတကာ၏ သဘောထားဆန္ဒများကို ဆက်လက်ဆန့်ကျင်ဆောင်ရွက်နေသဖြင့် အမေရိကန်အစိုးရအနေနှင့် ယခုထက်ပို၍ ထိရောက်ပြင်းထန်သည့် မူဝါဒများ ချမှတ်ပိတ်ဆို့ရန် လိုနေပြီဖြစ်ကြောင်း အမေရိကန်အောက်လွှတ်တော်ကြားနာပွဲတွင် လွှတ်တော်အမတ် **Don Manzullo** က တိုက်တွန်းပြောကြားလိုက်သည်။ **(RFA 040310)** Read More...
- ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်ထောင်စု ဒီမိုကရေစီမဟာမိတ်အဖွဲ့ (ပဒမဖ) ဖြစ်မြောက်ရေးကော်မတီဝင် ၄ ဦးဖြစ်သည့် ဦးရွှေအုံး၊ ဦးသိန်းတင်အောင်၊ ဦးနေမျိုးဝေနှင့် ဦးကိုကိုကြီးတို့ကို ပြင်သစ်၊ အီတလီ၊ ဗြိတိသျှနှင့် ဂျာမဏီ သံအမတ်များက ခေါ်ယူတွေ့ဆုံခဲ့သည်။ **(Mizzima 050310)** Read More...
- မြန်မာနိုင်ငံနှင့်ပတ်သက်၍ အထူးသတိထား ဆက်ဆံနေကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့်ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး **Mr. Kurt Campbell** က ပြောကြားလိုက်သည်။ **(RFA 060210)** Read More...

### (ခ) အစိုးရမဟုတ်သော အဖွဲ့အစည်းများ

- ထိုင်းနိုင်ငံအတွင်းရှိ မြန်မာအပါအဝင် လာအိုနှင့် ကမ္ဘောဒီးယား ရွှေ့ပြောင်းအလုပ်သမားများအပေါ်တွင် ထိုင်းအစိုးရက ခွဲခြားဆက်ဆံမှုများရှိနေကြောင်း ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် **ILO** က ယမန်နေ့က ကြေညာချက်တစ်စောင်ထုတ်ပြန်လိုက်သည်။ **(NMG 030310)** Read More...

- မြန်မာစစ်အစိုးရက ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် နိုင်ငံတကာမှ စုံစမ်းစစ်ဆေးပေးရန်နှင့် ဒဏ်ခတ်အရေး ယူပေးရန် နိုဗဲလ်ဆုရှင်များဖြစ်သည့် ဂျီဒီဇီလီယံ၊ **Shirin Ebadi**၊ ထိုင်းနိုင်ငံ ချူလာလောင်ကွန်း တက္ကသိုလ် ဥပဒေ ပညာရှင် ပါမောက္ခ **Vitit Muntarbhorn** နှင့် တောင်ကိုရီးယားနိုင်ငံမှ ဒေါက်တာ **Heisoo Shin** တို့က တောင်းဆို လိုက်သည်။ **(Irrawaddy 040310) Read More...**
- နိုဗဲလ်ငြိမ်းချမ်းရေးဆုရှင် အရှေ့တီမောသမ္မတ **Jose Romos-Horta** သည် နိုဗဲလ်ငြိမ်းချမ်းရေးဆုရှင် မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးတောင်းဆိုသည့် စာတစ်စောင်ကို မြန်မာအစိုးရ ဆီပေးပို့ရန် လက်မှတ်ရေးထိုး လှုပ်ရှားမှုကို ယမန်နေ့က ဗြိတိန်နိုင်ငံဘရက်ဖို့ တက္ကသိုလ်တွင် ကျင်းပခဲ့သည်။ **(DVB 050310) Read More...**

## ပြည်သူနှင့် လူထုအခြေပြုအသင်းအဖွဲ့များ

- ယနေ့ကျရောက်သည့် တောင်သူလယ်သမားနေ့တွင် လယ်သမားအရေး ဆောင်ရွက်နေသည့် ရန်ကုန်တိုင်း ခရမ်းမြို့ နယ်မှ "စာချောက်ရပ်တောင်သူလယ်သမားဘဝ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့"က ဦးစီးကာ အထိမ်းအမှတ် အခမ်း အနားတစ်ရပ် ကျင်းပပြုလုပ်ခဲ့သည်။ **(NEJ 020310) Read More...**
- ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် စက်မှုဇုန် (၁) ရှိ **Super Garment** အထည်ချုပ်စက်ရုံမှ အလုပ်သမား ၂၀ ကျော်က အလုပ်သမားရပိုင်ခွင့်အတွက် ဆန္ဒပြတောင်းဆိုကြသည်။ **(Irrawaddy 030310) Read More...**
- ရန်ကုန်မြို့ ရွှေပြည်သာစက်မှုဇုန် (၃) ဖန်ချက်ဝန်ဦးရွှေအိုးလမ်း အမှတ် (၆၄) ရှိ **Grand Royal** ဝီစကီစက်ရုံ အလုပ်သမား (၁) ထောင်ကျော်ခန့် အလုပ်သမားအခွင့်အရေး ရရှိရေးအတွက် ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ **(RFA 030310) Read More...**
- ရန်ကုန်ရှိ စက်ရုံလုပ်သားများသာမက အခြားအလုပ်သမားများပါ အလုပ်ရှင်အပေါ် မကျေနပ်မှုများကို ဆန္ဒပြလာ နိုင်ကြောင်း နေပြည်တော်အလုပ်သမားဝန်ကြီးဌာနမှ အရာရှိတစ်ဦးပြောသည့်အပြင် ယင်းဆန္ဒပြမှုကို ရန်ကုန်လူထု က အလွန်စိတ်ဝင်စားနေကြောင်း ရန်ကုန်မြို့ခံတစ်ဦးက ပြောသည်။ **(NEJ 040310) Read More...**
- ရန်ကုန်ရွှေပြည်သာမြို့နယ် စက်မှုဇုန်များရှိ စက်ရုံ ၃ ရုံတွင် လုပ်ခလစာ တိုးရေးနှင့်အခြားရပိုင်ခွင့်များအတွက် ယမန် နေ့တွင် အလုပ်သမားများ တောင်းဆိုဆန္ဒပြခဲ့ရာ အလုပ်ရှင်များက လိုက်လျောမှုများပြုသဖြင့် ယနေ့တွင် လုပ်ငန်း ခွင်သို့ ပြန်ဝင်နေကြကြောင်း အလုပ်သမား အသိုင်းအဝိုင်းနှင့် ဒေသခံများက ပြောသည်။ **(Mizzima 040310) Read More...**
- ရန်ကုန်မြို့တွင် အလုပ်သမားဆန္ဒပြမှု သတင်းများ ဆက်တိုက်ထွက်ပေါ်နေချိန်တွင် ရွှေပြည်သာစက်မှုဇုန် (၃) က **UIB** အထည်ချုပ်စက်ရုံနှင့် အာရှသမာဓိ အထည်ချုပ်စက်ရုံများမှ ထောင်နှင့်ချီသော အလုပ်သမားများက လုပ်အားခ တိုးမြှင့်ပေးရန်အတွက် ယခုလ ၄ ရက်နေ့ နှင့် ၅ ရက်နေ့တွင် ဆန္ဒပြခဲ့ကြသည်။ **(RFA 050310) Read More...**
- ရန်ကုန်တိုင်းအတွင်း စက်မှုဇုန်များတွင် ယခုရက်ပိုင်းအတွင်း ဆန္ဒပြမှုများ ဆက်တိုက်ဖြစ်ပေါ်နေရာ ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ် စက်မှုဇုန် (၁) က **SGI** အထည်ချုပ်စက်ရုံအမည်နှင့် စက်ရုံ (၄) ရုံ၌ ပုံမှန်ရနေကျ ဘောနပ် ကြေးနှင့် ရှားပါးစရိတ် ဖြတ်တောက်ခံရမှုအား မကျေနပ်သဖြင့် ထောင်နှင့်ချီသော အလုပ်သမားများ ယနေ့နံနက် ပိုင်းမှ ၍ ဆန္ဒပြခဲ့ကြသည်။ **(RFA 060310) Read More...**

***End of report/ Saturday, March 06, 2010***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***